**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံစာရင်းကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၂၃)**

**၁၃၈၅ ခုနှစ် နယုန်လဆန်း ၁ ရက်**

**(၂၀၂၃ ခုနှစ် မေလ ၁၉ ရက်)**

**မြန်မာနိုင်ငံစာရင်းကောင်စီအလံ အရွယ်အစား၊ အတိုင်းအတာ၊ အရောင်အသွေးနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ သတ်မှတ်ပြဋ္ဌာန်းခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂-၁၂-၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၆၃/၂၀၂၁ ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၃-၃-၂၀၂၃ နေ့တွင် ကျင်းပသော မြန်မာနိုင်ငံစာရင်းကောင်စီအလုပ်အမှုဆောင်အဖွဲ့ ၂/၂၀၂၃ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံစာရင်းကောင်စီကို ကိုယ်စားပြုသော မြန်မာနိုင်ငံစာရင်းကောင်စီအလံ အရွယ်အစား၊ အတိုင်းအတာ၊ အရောင်အသွေးနှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပူးတွဲပါအတိုင်း သတ်မှတ်ပြဋ္ဌာန်းလိုက်သည်။

ပူးတွဲ- ရွက်ရေ (၃) ရွက်

အမိန့်အရ

(သန္တာလေး)

အတွင်းရေးမှူး

စာအမှတ်၊ မစက/ ၅၀၀ / (၄၄၄ /၂၀၂၃) ရက်စွဲ၊ ၁၉ - ၅ - ၂၀၂၃

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ၊ ဒု-ဥက္ကဋ္ဌများ နှင့် အဖွဲ့ဝင်များ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံး

ကြော်ငြာသင်ပုန်း

အမိန့်ကြော်ငြာစာစာတွဲ

**မိတ္တူ**

ရုံးလက်ခံ

မျှော

အမိန့်အရ

19/5/2022

(ကေသီစိန်)

ညွှန်ကြားရေးမှူး

မြန်မာနိုင်ငံစာရင်းကောင်စီရုံး

**မြန်မာနိုင်ငံစာရင်းကောင်စီ အလံ အရွယ်အစားအတိုင်းအတာ၊ အရောင်အသွေးနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ**

၁။ မြန်မာနိုင်ငံစာရင်းကောင်စီ အလံ အရွယ်အစားအတိုင်းအတာ၊ အရောင်အသွေး စသည်တို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံစာရင်းကောင်စီ အလံ၏ အရွယ်အစားသည် ထောင့်မှန်စတုဂံပုံဖြစ်ပြီး အလျား ၆ ပေနှင့် အနံ ၄ ပေ (အလျားxအနံအချိုး = ၃:၂) ဖြစ်သည်။

(ခ) မြန်မာနိုင်ငံစာရင်းကောင်စီ အလံ၏ အောက်ခံအရောင်မှာ အပြာရောင်ဖြစ်ပြီး အပြာရောင်အောက်ခံပေါ်တွင် မြန်မာနိုင်ငံစာရင်းကောင်စီ တံဆိပ်ရှိသည်။

(ဂ) ကောင်စီတံဆိပ်ဝိုင်း၏ အချင်းသည် ၁.၅ ပေ (၁၈ လက်မ) ရှိပြီး ရုံးတံဆိပ်အစွန်းနှင့် ထောင့်မှန်စတုဂံ၏အလျားအကွာအဝေးသည် ၂.၂၅ ပေ (၂၇ လက်မ)စီ နှင့် ရုံးတံဆိပ်အစွန်းနှင့် ထောင့်မှန်စတုဂံ၏အနံအကွာအဝေးသည် ဝဲဘက် ၁.၂၅ ပေ (၁၅ လက်မ)စီ ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံစာရင်းကောင်စီ အလံ၏ အရောင်နှင့် သင်္ကေတများ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အလံ၏ အောက်ခံအပြာရောင်သည် ကျယ်ပြန့်ခြင်း၊ တည်ကြည်ခြင်းနှင့် လွတ်လပ်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။

(ခ) အလံပါ တံဆိပ်ဝိုင်းပုံသဏ္ဍာန်သည် စည်းလုံးခြင်း၊ ညီညွတ်ခြင်းနှင့် စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးအသုံးချရခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။


(ဂ) အလံ၏အလယ်မှ ကောင်စီတံဆိပ်ဝိုင်း၏ အောက်ခံအဖြူရောင်သည် ဖြောင့်မတ်မှန်ကန်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။

(ဃ) အလံပါ တံဆိပ်ဝိုင်းအတွင်းရှိ မြန်မာနိုင်ငံစာရင်းကောင်စီနှင့် MYANMAR ACCOUNTANCY COUNCIL ရွှေဝါရောင်စာလုံးသည် တောက်ပသောအနာဂတ်ရှိသည့် စာရင်းပညာရှင်များနှင့် စာရင်းကျွမ်းကျင်သူများ ပျိုးထောင်မွေးထုတ်ပေးနိုင်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။

(င) အလံပါ တံဆိပ်ဝိုင်းအတွင်းရှိ ကြယ်၏အောက်ဘက်တွင် ဝဲယာတစ်ဘက်တစ်ချက်စီသို့ ဝေ့ဝိုက်၍ တက်သွားသော အစိမ်းရောင်သပြေခက်နှစ်ခက်သည် ညီညွတ်မှုတခြင်း၊ အေးချမ်းသာယာခြင်းနှင့် အောင်မြင်ခြင်း ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။

(စ) အလံပါ တံဆိပ်ဝိုင်းအတွင်းရှိ ငါးထောင့်ကြယ်နီသည် စွမ်းဆောင်ရည်ပြည့်ဝစွာနှင့် စာရင်းပညာဖွံ့ဖြိုးတိုးတက်အောင်မြင်စေရန် လမ်းပြကြယ် ဟူသော အဓိပ္ပာယ်ကို ဖော်ညွှန်းပါသည်။

## မြန်မာနိုင်ငံစာရင်းကောင်စီအလံ (နမူနာပုံကြမ်း)



မြန်မာနိုင်ငံစာရင်းကောင်စီ

MYANMAR ACCOUNTANCY COUNCIL